# ဘင်္ဂလားဒေ့ရှ်။ ။မြန်မာနိုင်ငံမှ ထွက်ပြေးတိမ်းရှောင်လာသည့် ဒုက္ခသည်တွေအတွက် နယ်စပ်များ ဖွင့်ပေးပါ

*ရိုဟင်ဂျာနှင့် ရခိုင်တိုင်းရင်းသားများ ရခိုင်ပြည်နယ်တွင်း ဆူပူအကြမ်းဖက်မှုများမှ ဘေးကင်းလုံခြုံရာနေရာ ရှာဖွေတောင်းဆိုနေ*

(၂၀၁၂ ခုနှစ် ဇွန်လ၊ နယူးယောက်) - မြန်မာနိုင်ငံအနောက်ပိုင်းရခိုင်ပြည်နယ်တွင်ဖြစ်သော ဘာသာရေးဆိုင်ရာ ဆူပူအကြမ်းဖက်မှုများမှ ဘေးကင်းလုံမှုရှာဖွေနေကြသူများအတွက် ဘင်္ဂလားဒေ့ရှ်အစိုးရအနေဖြင့် ၎င်း၏နယ်စပ်များ ကို ချက်ချင်းဖွင့်ပေးသင့်ပါသည်။

မြန်မာနိုင်ငံအနောက်ပိုင်းရှိ ဗုဒ္ဓဘာသာနှင့် မူဆလင်ဘာသာဝင်များအကြား ဖြစ်နေသည့် ဘာသာရေးဆိုင်ရာ ဆူပူအကြမ်းဖက်မှုများမှ ထွက်ပြေးတိမ်းရှောင်လာသည့် ဒုက္ခသည်များ အလုံးအရင်းလိုက် ဝင်ရောက်လာမည်ကို တွက်ဆထားသည့် ဘင်္ဂလားဒေ့ရှ်အစိုးရသည်၊ ၎င်း၏နယ်ခြားစောင့်တပ်များနှင့် ရေတပ်များအား မြန်မာများ နယ်စပ်ဖြတ် ကျော်ပြီး၊ ဘင်္ဂလာဒေ့ရှ်နိုင်ငံတွင်းသို့ မဝင်ရောက်နိုင်ရန် တားဆီးဖို့ ယခုလတွင် အမိန့်ပေးထားကြောင်း သိရှိရပါသည်။ ဒက္ကာမြို့ သတင်းညီလာခံတစ်ရပ်တွင် နိုင်ငံခြားရေးဝန်ကြီး ဒီပူမွန်နီက "မြန်မာနိုင်ငံက ဒုက္ခသည်အသစ်တွေ ရောက်လာတာဟာ ကျတော်တို့အတွက် အကျိုးဖြစ်စေမှာမဟုတ်" ဟုဆိုခဲ့ပါသည်။ လွန်ခဲ့သည့်သုံးရက်အတွင်းက အနည်းဆုံး လူ အယောက် ၅၀၀ သယ်ဆောင်လာသော လှေ ၁၁ စင်း ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဝင်ခွင့်ပေးရန် ငြင်းဆိုခဲ့ကြောင်း ဘင်္ဂလားဒေ့ရှ်အာဏာပိုင်များက ပြောကြားခဲ့ပါသည်။

"ရခိုင်ပြည်နယ်အကြမ်းဖက်မှုများ ထိန်းမနိုင်သိမ်းမရ ဖြစ်နေချိန်မှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံက နယ်စပ်တွေကို ပိတ်ထားတာဟာ အသက်ပေါင်းများစွာကို ကြီးစွာသောအန္တရာယ်ဘက်ဆီကို တွန်းပို့ရာရောက်စေတယ် " ဟု လူ့အခွင့်အရေး စောင့်ကြည့်မှုအဖွဲ့၏ ဒုက္ခသည်ဆိုင်ရာအစီအစဉ် ညွှန်ကြားရေးမှူး ဘီလ်ဖရီးလ်လစ်က ဆိုပါသည်။ "အသက် အန္တရာယ်ကနေ ထွက်ပြေးတိမ်းရှောင်လာတဲ့သူတွေကို နယ်စပ်ဖွင့်ထားပေးပြီး၊ အကာအကွယ်ပေးဖို့ နိုင်ငံတကာ ဥပဒေအရ ဘင်္ဂလာဒေ့ရှ်မှာ တာဝန်ရှိပါတယ်။"

ရခိုင်ပြည်နယ်တွင် ဗုဒ္ဓဘာသာနှင့် မူဆလင်ဘာသာဝင်များအကြား ရက်စက်သည့် ဆူပူအကြမ်းဖက်မှုများ ၂၀၁၂ ခုနှစ် ဇွန်လ ၃ ရက်နေ့က စတင်ဖြစ်ပွါးခဲ့ပြီး၊ ထိုအချိန်မှစ၍ အခြေအနေပိုမိုဆိုးရွားလာခဲ့သည်။ အရေအတွက် ဖော်မပြနိုင် သော ရိုဟင်ဂျာများကို လုံခြုံရေးတပ်ဖွဲ့များမှ ပစ်သတ်ခဲ့ပြီး၊ နှစ်ဖွဲ့စလုံးမှ ဘာသာရေးအစွန်းရောက်သည့် လူအုပ်များက အခြားတစ်ဖက်၏ အိမ်များနှင့်ပိုင်ဆိုင်သည့်စီးပွါးရေးလုပ်ငန်းများကို မီးရှို့ခဲ့ကြသည်။ ဇွန်လ ၁၀ ရက်နေ့တွင် မြန်မာနိုင်ငံ သမ္မတဦးသိန်းစိန်က ထိုဒေသအတွက် အရေးပေါ်အခြေအနေတစ်ရပ် ထုတ်ပြန်ခဲ့ပြီး မြန်မာ့တပ်မတော်အား ဥပဒေ ကြီးကြပ်ရေးအာဏာ အပြည့်အပ်နှင်းခဲ့ပါသည်။

ဘင်္ဂလားဒေ့ရှ်သည် ၁၉၅၁ ခုနှစ် ဒုက္ခသည်ဆိုင်ရာသဘောတူညီချက်စာချုပ် သို့မဟုတ် ၁၉၆၇ ခုနှစ် တရားဝင် လိုက်နာရမည့် သဘောတူညီချက်များအပေါ် သဘောတူထားခြင်း မရှိသော်လည်း၊ ထုံးတမ်းအစဉ်အလာနိုင်ငံတကာ ဥပဒေစည်းမျဉ်းဖြစ်သည့် လွတ်လပ်ခြင်းနှင့် အသက်အန္တရာယ်အပေါ် ခြိမ်းခြောက်ခံရခြင်းမှ ထွက်ပြေးတိမ်းရှောင်လာ သော ခိုလှုံခွင့်ရှာဖွေသူများအား အတင်းအကျပ်ပြန်မပို့ရ ဟူသည့်မူအရ နယ်စပ်သို့ ပြန်မပို့ရန် ဝတ္တရားရှိပါသည်။

လွတ်လပ်သော လူသားချင်းစာနာမှုဆိုင်ရာ အဖွဲ့အစည်းများအား နယ်စပ်ဒေသများသို့ လွတ်လပ်စွာနှင့် အတားအဆီးမဲ့ သွားရောက်ပိုင်ခွင့်ပေးရန် ဘင်္ဂလားဒေ့ရှ်အစိုးရကို လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့မှ တောင်းဆိုပါသည်။ အခြားအစိုးရများအနေဖြင့်လည်း ဒုက္ခသည်များအတွက် လူသားချင်းစာနာမှုအကူအညီနှင့် အခြားအထောက်အပံ့များ ပေးသင့်ပါသည်။ အသစ်ရောက်လာသူများနဲ့တကွ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် မြန်မာနိုင်ငံမှ ရောက်ရှိနေပြီး ကမ္ဘာပေါ်တွင် ထောက်ပံ့မှု အညံ့ဖျင်းဆုံးစခန်းအချို့တွင်နေထိုင်နေသည့် စာရင်းပေးထားသည့် ရိုဟင်ဂျာဒုက္ခသည် ၂၉၀၀၀ နှင့် စာရင်းပေးမထားသည့် ခန့်မှန်းခြေ အရေအတွက် ၂၀၀၀၀၀ တို့အတွက်ပါ ရေရှည်တည်တံ့မည့် အဖြေရှာမှုတွင်လည်း ၎င်းတို့ ကူညီသင့်ပါသည်။

"ရခိုင်ပြည်နယ်မှ ထွက်ပြေးတိမ်းရှောင်လာသည့်ဒုက္ခသည်များကို အကူအညီပေးဖို့ နိုင်ငံတကာအသိုင်းအဝိုင်းမှ ရက်ရောတဲ့အထောက်အပံ့ ဘင်္ဂလားဒေ့ရှ်က လိုအပ်နေတယ်" ဟု ဖရီးလစ်က ဆိုပါသည်။ "သို့သော် မျှော်လင့်ချက် ကင်းမဲ့နေတဲ့ ဒုက္ခသည်တွေကို အသက်ကယ်နိုင်တဲ့ အထောက်အပံ့တွေပေးဖို့ လူသားချင်းစာနာမှုဆိုင်ရာအကူ

အညီပေးအဖွဲ့အစည်းတွေကို ထိုဒေသသို့ သွားရောက်နိုင်ခွင့်အပြည့်အဝ ချက်ချင်းပေးခြင်းဖြင့်လဲ ဘင်္ဂလားဒေ့ရှ်နိုင်ငံ အနေနဲ့ ကိုယ်တိုင် ကူညီနိုင်ပါတယ်။”